(၂၀) မိမိ Mobile Banking Password မေ့လျော့ခြင်းကိစ္စရပ်တွင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရုံးချုပ်နှင့်နီးစပ်ရာ ဘဏ်ခွဲများသို့ မှတ်ပုံတင်မူရင်းနှင့်အတူ ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ပြီး (၃) ကြိမ်အထက်ကျော်လွန်ပါက ဘဏ်မှသတ်မှတ်ထားသည့်ဝန်ဆောင်ခအတိုင်း ပေးဆောင်ရပါမည်။

(၂၁) မိုဘိုင်းဘဏ်လုပ်ငန်းဖြင့် တစ်ကြိမ်လျှင် ကျပ်(၅)သိန်းအထိ ဆောင်ရွက်နိုင်ပြီး တစ်နေ့တာအတွင်း ပြုလုပ်နိုင်သည့် ငွေပမာဏမှာ ကျပ်(၁၀)သိန်း ဖြစ်ပါသည်။ အကြိမ်အရေအတွက် ကန့်သတ်ချက်မရှိပါ။


(၂၂) NDB mBanking ဝန်ဆောင်မှုအသုံးပြုခြင်းအတွက် ဘဏ်မှ အခန္နုန်းထားများ သတ်မှတ်ကောက်ခံပါက မိုဘိုင်းစာရင်းထဲမှ နုတ်ယူမည်ဖြစ်ပါသည်။

(၂၃) NDB mBanking အသုံးပြုခြင်းအား မိမိ၏ သဘောဆန္ဒအလျောက် ရပ်ဆိုင်းလိုလျှင် ဘဏ်သို့ အနည်းဆုံး (၇)ရက်ကြိုတင်၍ အကြောင်းကြားရမည်။

(၂၄) Mobile Transaction များအား ဘဏ်မှ စာရင်းကိုက်ညှိနိုင်ရန်အတွက် နေ့စဉ် ညနေ(၃:၃၀) နာရီနှင့် လစဉ်လစာထုတ်ရက်များတွင် ညနေ (၂:၃၀)နာရီ Cut-Off-Time ပြုလုပ်မည်ဖြစ်ပါ၍ ၎င်းအချိန်များ၏ နောက်ပိုင်း Transaction ပြုလုပ်ပါက သက်ဆိုင်ရာစာရင်းများ၌ နောက်တစ်နေ့စာရင်းအဖြစ် ဖော်ပြမည်ဖြစ်ပါသည်။

(၂၅) NDB mBanking နှင့် ပတ်သက်၍ အဆင်မပြေသည့် ကိစ္စရပ်များ ပေါ်ပေါက်ခဲ့ပါက Hotline နံပါတ် ၀၉-၄၄၉၁၁၁၉၄၁ နှင့် ၀၆၇-၄၂၂၅၇၃ သို့ (၂၄)နာရီ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ NDB mBanking မှာ ယခုအချိန်တွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ အခွန်အခများနှင့် Sky Net Payment များကိုဆောင်ရွက်နိုင်ပြီး အခြားဝန်ကြီးဌာနများ၏အခွန် ပေးချေမှုများကို လည်း ဆက်လက်တိုးချဲ့ဆောင်ရွက်၍ ဝန်ဆောင်မှုပေးနိုင်ရန်စီစဉ်ဆောင်ရွက်နေပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။




## NAYPYITAW DEVELOPMENT BANK

No (A-09) , ThiriKyawSwar Street, ThiriYadanar Shopping Complex, Zabuthiri Township, Naypyitaw

Hotline No. 09- 449111941 , 067- 422573

it@nptsbankmm.com, nsbzbuho@gmail.com

NAYPYITAW DEVELOPMENT BANK

# NAYPYITAW DEVELOPMENT BANK
# နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်




## NDB mBanking

## Rules & Regulation

Hotline No. 09- 449111941 , 067- 422573

it@nptsbankmm.com, nsbzbuho@gmail.com

## နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်
## NDB Mobile Banking အသုံးပြုသူများ
## သိရှိလိုက်နာရမည့် အချက်များ

(၁) Mobile Banking လျှောက်ထားသူသည် အသက် (၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(၂) NDB mBanking ကို လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေဖြင့်သာ လျှောက်ထား၍ အသုံးပြုဆောင်ရွက်နိုင်ပါသည်။

(၃) Mobile Banking ဖြင့် ချိတ်ဆက်ဆောင်ရွက်မည့် စာရင်းသည် စာရင်းရှင်စာရင်း (သို့) ငွေစုစာရင်း အမျိုးအစားများထဲမှ မိမိကြိုက်နှစ်သက်ရာ စာရင်းတစ်ခုခုကို ဖွင့်လှစ်ရမည်ဖြစ်ပါသည်။ (မှတ်ချက်-ယခင်စာရင်းဖွင့်ထားသူများမှာ ထပ်မံဖွင့်ရန်မလိုအပ်ပါ။)

(၄) မိုဘိုင်းဘဏ်လုပ်ငန်း အသုံးပြုနိုင်ရန်အတွက် ချိတ်ဆက်ထားသောစာရင်းမှာ စာရင်းရှင်စာရင်းဖြစ်ပါက အတိုးခံစားခွင့်မရှိဘဲ ငွေစုစာရင်းဖြစ်ပါက ဘဏ်မှ သတ်မှတ်ထားသည့် အတိုးနှုန်းအတိုင်း တွက်ချက်၍ (၃)လတစ်ကြိမ် အတိုးထည့်သွင်းပေးမည်ဖြစ်ပါသည်။

(၅) Mobile Banking ဖြင့်ချိတ်ဆက်အသုံးပြုမည့် စာရင်းအတွက် ကျပ်(၅,၀၀၀/-) နှင့် စတင်ဖွင့်လှစ်ရမည်ဖြစ်ပြီး အနည်းဆုံးလက်ကျန်ငွေအား ကျပ်(၅,၀၀၀/-) ချန်လှပ်ထားရပါမည်။

(၆) NDB mBanking Application ကို Android ဖုန်းဖြစ်ပါက Google Play Store မှ သော်လည်းကောင်း၊ iOS ဖုန်းဖြစ်ပါက Apple Play Store မှ သော်လည်းကောင်း Download ပြုလုပ်၍ အသုံးပြုနိုင်ပါသည်။

(၇) NDB mBanking Application ကို အသုံးပြုရန်အတွက် Android Version 4.5 နှင့် အထက်ရှိရမည်ဖြစ်ပြီး iOS ဖုန်းဖြစ်ပါက Version 9 နှင့် အထက်ရှိရမည်ဖြစ်ပါသည်။

(၈) ဘဏ်မှ NDB mBanking လျှောက်ထားသူသို့ စတင်အသုံးပြုနိုင်မည့် User Name & Password, Rules & Regulations, Terms & Conditions နှင့် User Guide တို့ကို ထုတ်ပေးမည်ဖြစ်ပါသည်။

(၉) မိုဘိုင်းဘဏ်လုပ်ငန်း အသုံးပြုသူသည် နေပြည်တော်ဖွံ့ရေးဘဏ်လီမိတက်မှ NDB mBanking ကို စတင် အသုံးပြုရန် သတ်မှတ်ပေးလိုက်သော Password ဖြင့် ဝင်ရောက်ပြီးနောက် မိမိအသုံးပြုမည့် Password ကို ပြန်လည်ပြောင်းလဲ အသုံးပြုရမည်။

(၁၀) ငွေကြေးလုံခြုံစိတ်ချမှုရှိစေရန် အသုံးပြုမည့်သူသည် မိမိ၏ Password ကို အခြားမည်သူတစ်ဦးတစ်ယောက်မှ မသိရှိစေရန် လျှို့ဝှက်ထားရပါမည်။

(၁၁) NDB mBanking တွင် မိမိစာရင်းများအချင်းချင်း ငွေလွှဲပြောင်းခြင်း၊ အခြားသူများ၏ စာရင်းများထဲသို့ ငွေလွှဲပြောင်းခြင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Bill Payment နှင့် အခြားသော Bill Payment များ ပေးဆောင်နိုင်ခြင်း၊ မိမိစာရင်းလက်ကျန်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

(၁၂) NDB mBanking တွင် မိမိပြုလုပ်ခဲ့သော Transaction များကို နောက်ဆုံးပြုလုပ်ခဲ့သည့် အနည်းဆုံး (၁၀)ကြောင်းအထိ စစ်ဆေးနိုင်ပါသည်။ ထို့အပြင် လအလိုက်၊ ရက်အလိုက် တို့ဖြင့်လည်း Statement များကို တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။

(၁၃) NDB mBanking တွင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ ဘဏ်ခွဲလိပ်စာများ၊ ATM စက်ထားရှိသည့် တည်နေရာများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ၊ အခြား Products များကို ဝင်ရောက်လေ့လာနိုင်ပါသည်။

(၁၄) Mobile Banking နှင့် ချိတ်ဆက်အသုံးပြုမည့် စာရင်းရှင်စာရင်း၏ Cheque များအသုံးပြုထားခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ Cheque များပျောက်ဆုံးခြင်း၊ အခြားသူများ ခိုးယူခံရခြင်းများ ဖြစ်ပေါ်လာပါက ဘဏ်သို့ သွားရန်မလိုဘဲ မိမိ၏ Mobile Banking မှ တဆင့် Cheque Status/Cheque Stop ဝန်ဆောင်မှုကို ကိုယ်တိုင်ဆောင်ရွက်နိုင်ပါသည်။

(၁၅) မိမိအသုံးပြုလိုသည့် ငွေပမာဏအတွက် ဘဏ်ရှိမိမိ၏ Mobile Banking စာရင်းတွင် လက်ကျန်လုံလောက်စွာဖြည့်ထားရန်လိုအပ်ပါသည်။

(၁၆) မိမိ၏ Mobile Banking စာရင်းတွင် ငွေကြေးမလုံလောက်မှုများဖြစ်ပေါ်လာပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် နီးစပ်ရာဘဏ်ခွဲများတွင် လည်းကောင်း၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်မှ ရွေးချယ်ခန့်အပ်ထားသော Agent များထံတွင် လည်းကောင်း၊ လွယ်ကူစွာ ငွေဖြည့်သွင်းနိုင်ပါသည်။

(၁၇) NDB mBanking အသုံးပြုရန် ချိတ်ဆက်ထားသော စာရင်းအား (၆)လ အတွင်း အသွင်း/အထုတ် ပြုလုပ်ထားခြင်း မရှိပါက ဘဏ်မှလုံခြုံမှုအရစစ်ဆေး၍ ရပ်ဆိုင်းသွားမည်ဖြစ်ပြီး ပြန်လည်အသုံးပြုလိုပါက ဘဏ်သို့ လာရောက်လျှောက်ထားရပါမည်။

(၁၈) မိုဘိုင်းဘဏ်လုပ်ငန်း ချိတ်ဆက်အသုံးပြုမည့် ဖုန်းပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်း၊ Mobile User နှင့် Password (၃)ကြိမ်အထိ မှားယွင်းရိုက်မိသောကြောင့် Password Lock ကျခြင်း စသည့်တို့ ဖြစ်ပေါ်လာပါက **Call Center Hotline No (09-449111941, 067-422573)** သို့ ချက်ချင်း ကြောင်းကြားရမည်။

(၁၉) မိုဘိုင်းဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ အချက်အလက်များ ပြင်ဆင်ခြင်း၊ Register ပြုလုပ် ထားသည့် ဖုန်းနံပါတ်ပြောင်းလဲခြင်း၊ မိမိ Mobile ဘဏ်လုပ်ငန်းအား ရပ်ဆိုင်းလိုခြင်းနှင့် ပြန်လည်လျှောက်ထားခြင်းစသည့် ကိစ္စရပ်များတွင် ဘဏ်သို့ကိုယ်တိုင်လာရောက် လျှောက်ထားရမည်ဖြစ်ပြီး ဘဏ်မှ သတ်မှတ်ထားသောဝန်ဆောင်ခကို ပေးဆောင်ရမည်။